# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 17, 2020 Volume 29, Number 10


| ၁၇.၃.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၅၆၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၃၀/- ကျပ် |
| CBM Rate | = ၁၄၂၅.၇ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၃.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၀.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၈.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၆၃.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၃.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၂၄၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၉၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၇.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 ကာကွယ်ထိန်းချုပ်ရေး ပြည်သူသာအဓိကဖြစ်ပြီး စီးပွားရေး ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် CMP ၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများချေးငွေနှင့် အခွန်ကင်းလွတ်ခွင့်ရရှိရေး စီမံမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြား



COVID-19 ကာကွယ်ထိန်းချုပ်ရေး ပြည်သူသာအဓိကဖြစ်ပြီး စီးပွားရေး ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် CMP ၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ချေးငွေနှင့်အခွန်ကင်းလွတ်ခွင့်ရရှိရေး စီမံမည ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကပြောကြားသည်။ မတ် ၁၆ ရက် ညပိုင်းက COVID-19 ကာကွယ်ထိန်းချုပ် ကုသရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်သူလူထုသို့ပြောကြားခဲ့သည့် ခုနစ်မိနစ်ကြာမိန့်ခွန်းတွင် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က " စီးပွားရေးနဲ့ ပတ်သက်လို့လည်း ပြည်သူပြည်သားများ မနစ်နာစေဖို့၊ တတ်နိုင်သမျှမနစ်နာစေဖို့၊ တတ်နိုင်သမျှ ကျွန်မတို့ အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေဖို့၊ အလုပ်ရုံများ ဆက်လက်လည်ပတ်နိုင်ဖို့၊ နိုင်ငံ့စီးပွားရေးလည်ပတ်မှုကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေဖို့ကိုရည်ရွယ်ပြီး အခွန်အကောက်တွေလျှော့ခြင်း၊ အတိုးနှုန်း လျှော့ချခြင်း စသည်တို့ကို ဆောက်ရွက်မှာဖြစ်ပါတယ်။ COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံးကြုံတွေ့ရနိုင်တဲ့လုပ်ငန်းများ CMP လို့အများသိကြတဲ့ ကုန်ကြမ်းပေး

ကုန်ချောယူ လက်ခစားစနစ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထူးသက်သာသော အထူးနှုန်းနှင့် ချေးငွေများနှင့်အခွန်ကင်းလွတ်ခွင့်ရရှိနိုင်ရေး စီမံပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံတဲ့ ဝင်ငွေခွန်နှစ်ရာခိုင်နှုန်းကိုလည်း ယခုဘဏ္ဍာနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူပြည်သားတွေအနေနဲ့လည်း တတ်နိုင်သမျှပူးပေါင်းပါဝင်ထည့်ဝင်နိုင်တဲ့ COVID–19 ကာကွယ် ကုသထိန်းချုပ်ရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ထူထောင်သွားမှာဖြစ်တဲ့အတွက် စေတနာရှင်ပြည်သူများအနေနဲ့ မိမိတို့ တတ်နိုင်သမျှ ထည့်ဝင်လှူဒါန်းသွားနိုင်ဖို့ကိုလည်း တိုက်တွန်းနှိုးဆော်အပ်ပါတယ်” ဟု ပြောကြားသည်။

COVID–19 ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူသာလျှင် အဓိကဖြစ်ကြောင်း၊ အစိုးရကမည်ကဲ့သို့ ကောင်းမွန်သည့် အစီအမံများချမှတ် ချမှတ်။ အမှန်တကယ်ထိရောက်အောင်မြင်ဖို့ဆိုလျှင် ပြည်သူများ ပူးပေါင်းပါဝင်မှဖြစ်မည်ဆိုသည်ကို အကြိမ်ကြိမ်ပြောခဲ့ဖူးကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြောကြားသည်။ “ ပြည်သူသာလျှင် အဓိကပါ ။ အစိုးရက ဘယ်လိုကောင်းမွန်တဲ့အစီအစဉ်တွေ ချမှတ် ချမှတ်။ အမှန်တကယ် ထိရောက်အောင်မြင်ဖို့ဆိုရင် ပြည်သူတွေ ပူးပေါင်းပါဝင်မှ ဖြစ်မည်ဆိုတာ ကျွန်မအကြိမ်ကြိမ် ပြောခဲ့ဖူးတယ်ဆိုတာဖြစ်ပါတယ်။ အခု COVID–19 နဲ့ပတ်သက်လို့ ဒီစကားကို အထူးအရေးထားစေလိုပါတယ်။ ကျန်းမာရေးလိုအပ်ချက်အရ မလိုအပ်ပဲ လူစုလူဝေးမဖြစ်အောင် လိုက်နာဆောင်ရွက်မှုမှာ ပြည်သူတွေက အဓိကဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေကို တိတိကျကျ အဓိကလိုက်နာရေးမှာ ပြည်သူတွေက အဓိကကျပါတယ်” ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ထို့ပြင် မတိမကျမမှန်ကန်သည့်သတင်းများ မပြန့်ပွားစေရန်မှာလည်း ပြည်သူများက အဓိကဖြစ်ကြောင်း၊ အစိုးရိမ်လွန်ကာ ရိက္ခာစုဆောင်းခြင်းကဲ့သို့သော မတည်မငြိမ်မဖြစ်စေသည့် လုပ်ငန်းများမဖြစ်ပေါ်ရေးမှာလည်း ပြည်သူများမှာအဓိကဖြစ်ကြောင်း၊ ယခုအချိန်ထိ မြန်မာနိုင်ငံတွင် COVID–19 ဖြစ်နေသူမရှိသေးကြောင်း၊ COVID–19 နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနက အချိန်နှင့်တပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

**Source:** https://news-eleven.com/article/164559

## အထည်ချုပ်စက်ရုံ ၁၁ ရုံအတွက် ကုန်ကြမ်းများ မတ် ၁၇ ရက်ညလေယာဉ်ဖြင့် ရောက်မည်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရုတ်နိုင်ငံသားများပိုင် အထည်ချုပ်စက်ရုံ ၁၁ ရုံ အတွက် ကုန်ကြမ်းများ မတ် ၁၇ ရက်ညပိုင်းတွင် လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာမည်ဟု Chinese Textile & Garment Association in Myanmar ဥက္ကဋ္ဌ ဦးစံခွန်က ပြောသည်။ တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ်မှ လေယာဉ်ဖြင့်သယ်ဆောင်လာမည့် အထည်ချုပ်ကုန်ကြမ်း ၁၅ တန်ခန့်ကို လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေလင်ဗန်း၊ မြသီတာစက်မှုဇုန်များရှိ အထည်ချုပ်စက်ရုံ ၁၁ ရုံအတွက် အသုံးပြုသွားရန်ဖြစ်သည်ဟု ၎င်းက ပြောသည်။ ''သင်္ဘောနဲ့ပို့ရမှာဆိုပေမယ့် ကြာမှာစိုးလို့ အရမ်းအရေးကြီးတာတွေကို လေယာဉ်နဲ့ပို့မှာ။ ဒါပေမဲ့ လေယာဉ်နဲ့ဆို ကုန်ကျစရိတ်ကအရမ်းများတယ်။ လေယာဉ်နဲ့ပို့ရင် သူတို့ရှုံးမှာ။ ဒါပေမဲ့ ရသမျှကုန်ကြမ်းအားလုံး သူတို့လေယာဉ်နဲ့ပို့မှာ''ဟု ဦးစံခွန်ကပြောသည်။

အဆိုပါကုန်ကြမ်းပစ္စည်းများ ရောက်ရှိလာမှသာ ယင်းစက်ရုံများ လုပ်ငန်းလည်ပတ်နိုင်မည်ဖြစ်ပြီး မရောက်ရှိပါက လည်ပတ်နိုင်မည်မဟုတ်ကြောင်းသိရသည်။ ယင်းအပြင် နောက်ထပ်လည်း လေယာဉ်ဖြင့်သယ်ယူ၍ ကုန်ကြမ်းများ ထပ်မံရောက်ရှိလာမည်ဟု Chinese Textile & Garment Association in Myanmarမှ သိရသည်။ လေယာဉ်ဖြင့် တင်ပို့ ပါက

ကုန်ကျစရိတ်များမည်ဖြစ်သော်လည်း ကြန့်ကြာမည်စိုးသဖြင့် စက်ရုံပိုင်ရှင်များက ၎င်းတို့၏ အရှုံးအမြတ်ကို တွက်ချက်၍ နောက်ထပ်လေယာဉ်ဖြင့် ကုန်ကြမ်းများသယ်ယူမှုအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးစံခွန်ကပြော သည်။

**Source:** https://myanmar.mmtimes.com/news/136894.html

## မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံဈေးကွက်၌ ဖရဲ နှင့် သခွားမွှေး အရောင်းအဝယ်ပြန်သွက်နေပြီး တစ်ရက်လျှင် ယာဉ်စီးရေ ၅၀၀ ဝန်းကျင်ခန့်ထိ ရောင်းချရ



တရုတ်နိုင်ငံနှင့် အဓိကကုန်သွယ်သည့် နယ်စပ်ကုန်သွယ်ရေးဇုန်တစ်ခုဖြစ်သည့် မူဆယ် ၁၀၅ မိုင် သစ်သီးဝလံဈေးကွက်အတွင်းတွင် မြန်မာပြည်အလယ်ပိုင်းဒေသထွက် ဖရဲနှင့်သခွားမွှေးများ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ပြန်သွက်လာကြောင်း သစ်သီးဝလံဈေးကွက်အတွင်းမှသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးဂယက်ကြောင့် တရုတ်နိုင်ငံနှင့် ကုန်စည်ကူးသန်းမှု နှောင့်နှေးခဲ့ရကာ ပုံမှန်ရောင်းဝယ်ကူးသန်းနေသည့် သစ်သီးဈေးကွက် ပုံမှန်အနေအထားအောက် ရောက်ခဲ့ပြီးနောက် မတ်လ ၁၃ ရက်နေ့မှ စတင်ကာ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်စည်ဈေးကွက်အတွင်းသို့ တစ်ရက်လျှင် သစ်သီးစီးရေ ၄၀၀ ကျော်ထိ ရောင်းချခဲ့ရရာမှ မတ်လ ၁၇ ရက်နေ့တွင် ဖရဲ ၊ သခွားမွှေးများကို ယာဉ်စီးရေ ၅၀၄ စီးထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။



" အခုတလော သစ်သီးကားတွေက များလာတယ်။ မြန်မာနဲ့ထိစပ်နေတဲ့ ယူနန်ပြည်နယ်ထဲမှာ အရောင်းအဝယ်က ပုံမှန်ဖြစ်နေတော့ ဝယ်လက်တွေက အကုန်နီးပါးလာကြပြီ။ဈေးနှုန်းကလည်း မဆိုးဘူး။ သခွားမွှေး ဆိုလည်း ဈေးကောင်းတယ်။ တစ်တန်ကို တရုတ်ငွေ လေးထောင့်ငါးရာ ၊လေးထောင် ခြောက်ရာ ထိရတယ်။ စီးလုံးပြတ်ဈေးဆိုရင်လည်း အရည်အသွေးကောင်းတယ်ဆိုရင် အမြင့်ဈေးက ယွမ်သုံးသောင်း နီးပါး လောက်ထိရတယ်။ဒါက ဒီတစ်နှစ်အတွက် အမြင့်ဆုံးဈေးတော့မဟုတ်ပါဘူး။ တရုတ်နှစ်သစ်ကူးမတိုင်မီကဆို အမြင့်ဈေးက စီးပြတ်ဈေးက ငါးသောင်းလောက်ထိရတယ်။" ဟု မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်မှ ဒေါ်ရီရီခိုင်ကပြောသည်။

တရုတ်နိုင်ငံအတွင်းရှိ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုအများဆုံးဖြစ်သော ပြည်နယ် ၇ ပြည်နယ်တွင် ဖြတ်သန်းသွားလာခွင့်၊ ကုန်စည်ကူးသန်းရောင်းဝယ်ခွင့်နှင့် ဈေးဆိုင်ဖွင့်လှစ်မှုများမှာ ပုံမှန်အတိုင်း မဖြစ်သေးသော်လည်း မြန်မာနိုင်ငံနှင့် အနီးစပ်ဆုံး ထိစပ်လျက်ရှိသည့် ယူနန်ပြည်နယ်၊ တယ်ဟုန်ခရိုင်တွင် ဈေးဆိုင်ဖွင့်လှစ်မှုနှင့်ကုန်စည်ကူးသန်းမှုမှာ ယခင်လထက် တိုးတက်လာနေပြီဖြစ်ကြောင်း သိရသည်။ "ဖရဲ၊ သခွားက အရည်အသွေးလည်း ကောင်းမယ်၊တရုတ်ဘက်က လိုအပ်ချက်လည်း များလာမယ်ဆိုရင် ဒီထက်ဈေးပိုကောင်းလာမယ်။အခုအချိန်က မြန်မာပြည်အလယ်ပိုင်းက ဖရဲ၊သခွားတွေက ကုန်ခါနီးနေပါပြီ။ ရှမ်းပြည်သီးတွေစဝင်နေပြီ။တချို့ကလည်း မြန်မာပြည်အလယ်ပိုင်းဒေသဘက်က စိုက်ခင်းတွေကနေ လက်ကျန်သီးလေးတွေ လာရောင်းတာရှိတယ်။အဲ့တာတွေကတော့ ဈေးသိပ်မရဘူးပေါ့။လမ်းမှာ ကားလမ်းပိတ်လို့ ရက်ကြာတာတို့ ကားပျက်လို့ ရက်ကြာသွားတာတို့ဆိုရင် အသီးကနာပြီး ရောင်းတဲ့အခါဈေးကောင်း မရတော့ဘူးပေါ့။အခုမှ စဝင်တဲ့ ရှမ်းပြည်သီးတွေကတော့ ဈေးပိုရတယ်။သူတို့က ခရီးတိုတော့ လတ်ဆတ် တယ်လေ။" ဟု သစ်သီးကုန်သည်တစ်ဦးဖြစ်သူ ဦးစိုင်းအောင် ကပြောသည်။

တရုတ်ဘက်မှ ဝယ်လိုအားကောင်းသော်လည်း အရည်အသွေးလိုက်မမီသေးကြောင်း၊လတ်ဆတ်မှုရှိပြီး အရည်အသွေး

ကောင်းမွန်မှုရှိပါက ဈေးကောင်းရမည်ဖြစ်ကြောင်း၊ခူးရက်လွန်နှင့် အသီးအရသာ အချိုဓါတ် နည်းပါးသွားပါက ဈေးကောင်း ရနိုင်မည်မဟုတ်ကြောင်း၊တောင်ငူ၊နေပြည်တော် ဒေသထွက်ဖရဲသီးများ ဈေးကောင်းရနေပြီး စီးပြတ်ဈေး ယွမ် ၂၈၀၀၀ ထိ ဈေးရရှိနေကြောင်း ခွာညိုသစ်သီးပွဲရုံ၏ ဖေ့ဘုတ်စာမျက်နှာတွင်ရေးသားထားသည်။ "အခုတလော တရုတ်ပြည်ကလာတဲ့ ဝယ်လက်ကတော့ များတယ်။အဓိကတော့ အရည်အသွေး ကောင်းတဲ့ အသီးတွေ ဝယ်ကြတာများတယ်။ အရည်အသွေး နိမ့်တဲ့ အသီးတွေကတော့ အရောင်းခက်နေတယ်။အခုအချိန်ကတော့ မြန်မာပြည်အလယ်ပိုင်းဒေသတွေနဲ့ ဧရာဝတီ၊ရန်ကုန်၊ ပဲခူးဘက် က လာတဲ့ အသီးတွေ လာရောက်ရောင်းချကြတာပိုများပါတယ်။ ရှမ်းပြည်နယ်အသီးတွေအနေနဲ့ နောင်ချိုဘက်က အသီးတွေကတော့ ဝင်နေပါပြီ။ လားရှိုး၊တန့်ယန်း၊မိုင်းရယ်၊သီပေါ၊သိန္နီ ဒေသတွေဘက်ကထွက်တဲ့ ဖရဲသီးတွေကတော့ သင်္ကြန်ကာလပြီးမှပဲ အဝင်များပါမယ်။" ဟု ရွှေကြိုင်သစ်သီးပွဲရုံမှ စိုင်းမိုးလွင်ကပြောသည်။ မူဆယ် ၁၀၅ မိုင် နယ်စပ် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံဈေးကွက်အတွင်းသို့ ဧရာဝတီ၊ရန်ကုန်၊ပဲခူး၊မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများမှ ဖရဲသခွားများ အပြင် ရှမ်းပြည်နယ်ဒေသထွက်ဖရဲသီးများလည်း လာရောက် ရောင်းချကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/164632

## ကမ္ဘာ့ရေနံဈေးကျဆင်းလာ၍ ရေနံချက်ဖိုများ ရပ်ဆိုင်းလုနီးဖြစ်နေ



ကမ္ဘာ့ရေနံဈေး ကျဆင်းလာမှုကြောင့် မုံရွာမြို့နယ် ကျောက္ကာကျေးရွာရှိ ရေနံချက်ဖိုလုပ်ငန်းများ ရပ်ဆိုင်းလု နီးပါးဖြစ်ပေါ်နေကြောင်း ရေနံချက်ဖိုလုပ်ငန်းရှင်များထံမှ သိရသည်။ ''အရင်က ရေနံစိမ်းတစ်ပေပါကို ငွေကျပ် တစ်သိန်းကျော်လောက်ပဲရှိတယ်။ အခု ငွေကျပ် ခုနစ်သောင်း ခွဲပဲရှိတာ။ အဲဒီ ခုနစ်သောင်းခွဲ ဈေးနှုန်းက ချက်ဖို့မကိုက်ဘူး။ ကျွန်တော်တို့ကို ခုနစ်သောင်းခွဲ၊ ရှစ်သောင်း ဖြတ်လိုက်ရင် တစ်သိန်းငါးထောင်တို့ တစ်သိန်းခုနစ်ထောင်လောက်မှ အရင်းတိုင်းရတာ။ နိုင်ငံခြားဆီကလည်း တစ်သိန်း တစ်သောင်းဆိုတော့ ကျွန်တော်တို့ ချက်ဆီကို မဝယ်ကြတော့ဘူး။ နိုင်ငံခြားချက်ဆီပဲ ဝယ်ကြတော့တာပါ''ဟု ရေနံချက်ဖိုပိုင်ရှင် ဦးကျော်ဦးက ပြောသည်။ ယခင်က ရေနံစိမ်းတစ်ပေပါလျှင် ငွေကျပ်တစ်သိန်းကျော်ရှိပြီး ယခုလက်ရှိမှာတော့ ရေနံစိမ်း တစ်ပေပါလျှင် ခုနစ်သောင်းခွဲ သာရှိနေကြောင်းသိရသည်။

ရေနံစိမ်းကို မကွေးတိုင်းရှိ မြိုင်နှင့် လက်ပံစုရေနံမှော်တို့မှရရှိပြီး ချက်ပြီးဆီ များကို ချင်းတွင်းမြစ်အထက်ပိုင်း ဟုမ္မလင်း၊ ခန္တီး၊ နမ်တော၊ မုံရွာနှင့် မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်များသို့ တင်ပို့ပေးရကြောင်းသိရသည်။ ''ဆီဝယ်မယ့် သူက အခါတိုင်း ၁၀၀ လောက် ဝယ်ရင် အခု ၁၀ ပေပါလောက်ပဲ ဝယ်တော့ တာပါ။ ဝယ်လိုမှုလျော့ကျသွားတယ်။ ဝယ်ယူ မှုက ခြောက်ပုံတစ်ပုံပဲကျန်တယ်။ ခြောက်ဆ လျော့သွားတဲ့သဘောပေါ့''ဟု ဦးကျော်ဦးကပြောသည်။ မုံရွာမြို့နယ် ကျောက္ကာကျေးရွာတွင် ရေနံချက်ဖို ၃၀၀ ကျော်ရှိပြီး တရားဝင်ချက်ဖို ၁၅၀ ကျော်ရှိကာ ကျန်ချက်ဖိုများမှာ တရား မဝင်များ ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/136896.html

## စက်သုံးဆီ တစ်လီတာလျှင် ၅၀၀ ကျပ်ဖြင့် ၁၀ နှစ်အတွင်း အနိမ့်ဆုံးဈေးသို့ရောက်

ပြည်တွင်းစက်သုံးဆီဈေးသည် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်သည့် သက်တမ်းတစ်လျှောက် အနိမ့်ဆုံး ဈေးသို့ ရောက်ရှိခဲ့ကြောင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ရန်ကုန်စက်သုံးဆီ အရောင်းဆိုင်အချို့တွင် မတ်လ ၁၆ ရက်က အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၅၀၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၆၆၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၆၂၀နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၆၂၅ ကျပ်ဖြင့် ရောင်းချခဲ့သည်။ စက်သုံးဆီဈေးသည် ၁၆ ရက်

အတွင်း တစ်လီတာလျှင် ကျပ် ၂၀၀ ထက်မနည်းကျဆင်းခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ခွင့်ရရှိခဲ့သည့် ၂၀၁၀ နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်သည်။ ၂၀၁၆ မေလက အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၅၁၀၊ အောက်တိန်း-95 တစ်လီတာ ကျပ် ၆၈၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၆၅၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၆၅၀ နှုန်းဖြင့် အနိမ့်ဆုံး စံချိန်တင် ထားခဲ့ပြီး လက်ရှိတွင် ယင်းနှုန်းထားထက် ကျဆင်းခဲ့သည်။

"အနိမ့်ဆုံး စံချိန်ချိုးသွားတာကြောင့် ဆက်ပြီးဘာဖြစ်မယ်ဆိုတာ မှန်းရခက်တယ်။ အများစုကတော့ ဒီထက် ဆက်ကျမယ်လို့ မှန်းထားကြတယ်" ဟု စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင် ကိုတင်အောင်ကျော်က ပြောသည်။ ဆီဈေးကျဆင်းသဖြင့် စက်သုံးဆီတင်သွင်းရောင်းချသူများသည် ငွေကြေး ထိခိုက်ဆုံးရှုံး မှုများ ကြုံတွေ့နေကြောင်း ယင်းလုပ်ငန်းရှင်အချို့က ပြောသည်။ "ဈေးကျတော့ အရင်းနည်းနည်းနဲ့ ရှုံးတဲ့သဘောတော့ဖြစ်တယ်။ သုံးစွဲသူတွေအတွက် အဆင်ပြေတဲ့ ကာလ ဖြစ်နေတယ်" ဟု စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ကမ္ဘာ့ရေနံစိမ်းဈေး တစ်ရှိန်ထိုးကျနေ၍ ပြည်တွင်း စက်သုံးဆီ ဈေးအပေါ် နေ့စဉ်သက်ရောက်မှုရှိနေခြင်းဖြစ်သည်။ မတ်လ ၁၆ ရက်က ကမ္ဘာ့ရေနံစိမ်း တစ်စည်လျှင် ၃၁ဒေါ်လာခန့်သာရှိပြီး တစ်လအတွင်း ဒေါ်လာ ၂၀ ခန့် ကျဆင်းလာခြင်း ဖြစ်သည်။

**Source:** https://7day.news/detail?id=181681

## တရုတ်နယ်စပ်တွင် ကျန်းမာရေးစစ်ဆေးမှုနှင့်ကုန်သွယ်မှုတိုးခြင်းကြောင့် ကုန်စည်ပို့ဆောင်ခတက်

တရုတ်နိုင်ငံက COVID-19 နှင့်ပတ်သက်ပြီး နယ်စပ်တွင် ကျန်းမာရေးစစ်ဆေးချိန်ကြာမြင့် ခြင်းနှင့် ကုန်သွယ်မှုတိုးမြင့်လာခြင်းကြောင်း ကုန်စည်ပို့ဆောင်ခ ဈေးမြင့်လာသည်ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း မူဆယ်ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့် ကပြောသည်။ COVID-19 ကြောင့် တို့ ဆိုင်းသွားသော နယ်စပ်ကုန်သွယ် ရေး ပြန်လည်စတင်ပြီးနောက် မန္တလေးမှမူဆယ်သို့ ကုန်စည်ပို့ဆောင်ခသည် ကုန်တစ်တန်လျှင် ကျပ်တစ်သောင်းခန့် မြင့်တက်သကဲ့သို့ မူဆယ်-မန္တလေးကုန်စည်ပို့ဆောင်ခလည်း မြင့်တက်လာသည်။ မန္တလေးမှ မူဆယ်သို့ ကုန် စည်တစ်တန်လျှင် ကျပ်လေး သောင်းခွဲ၊ မူဆယ်မှ မန္တလေးသို့ ကုန်စည်ပို့ဆောင်ခ တစ်တန်လျှင် ကျပ်ငါးသောင်းရှိ ကြောင်း ဦးဝင်းအောင်ခန့်က ပြောသည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ယခုရက်ပိုင်းတွင် ပုံမှန်အခြေအနေနီးပါး ပြန်လည် ရောက်ရှိလာကြောင်း မူဆယ်မြို့ မှ ကုန်သည်အချို့က ပြောသည်။

လက်ရှိတွင် မန္တလေးမှ မူဆယ်မြို့သို့ တစ်ရက်လျှင် ဖရဲ၊ သခွားမွှေးတင်ကား အစီး ၃၀၀ မှ ၄၀၀ အကြား၊ ဆန်အပါအဝင် အခြားကုန်စည်တင်ဆောင်သော ကားအစီးရေ ၂၀၀ ကျော် ဝင် ရောက်နေသည်။ ပွင့်လင်းရာသီ တွင် မူဆယ်မြို့သို့ တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၈၀၀ မှ ၁,၀၀၀ အကြားအဝင်ရှိကြောင်း ကုန်သည်အချို့ကပြောသည်။ COVID-19 ကြောင့် ကုန်သွယ်ရေး တို့ဆိုင်းအပြီးတွင် တရုတ်နိုင်ငံမှ ဆန်နှင့် ဆန်ကွဲ၊ သကြား၊ ဖရဲ၊ သခွား ဝယ်လိုအား ပြန်လည်မြင့်တက် လာသည်ဟု ကုန်သည် အချို့ကပြောသည်။

**Source:** https://7day.news/detail?id=181682

## ပြည်ပသို့ ဆန်တင်ပို့ရန် လိုင်စင်အသစ်ချပေးခြင်းကို ကြပ်မတ်စိစစ်မည်

ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက် ပြည်ပဆန်တင် ပို့ရန် လိုင်စင်အသစ်ချထားပေး ခြင်းကို ယခုထက်ပို၍ ကြပ်မတ်စိစစ်သွားရန် အစိုးရကလမ်းညွှန်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြော သည်။ လက်ရှိချထားပေးသော လိုင်စင်များကို ဆက်လက်တင်ပို့ခွင့်ပြုမည်ဖြစ်ပြီး ထပ်မံလျှောက်ထားမည့် လိုင်စင် အသစ်များအတွက် စိစစ်မှုပိုမိုဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်း စားနပ်ရိက္ခာအတွက် ထားပေးနိုင်မည့်ပမာဏကို သိရှိစေရန် ပြည်ပဆန်တင်ပို့သူများ၊ ဆန်ကုန်သည် များနှင့် ဆန်စက်ပိုင်ရှင်များအနေဖြင့် လက်ရှိဆန်လက်ကျန်အခြေအနေကို အဆိုပြုလွှာများပေးရန် အစိုးရက တောင်းဆိုကြောင်း ဦးအောင်သန်းဦးကပြောသည်။ ဆန်လက်ကျန်အခြေအနေကို တောင်းဆိုရခြင်းက ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုအတွက်ချိန်ဆနိုင်ရန်ဖြစ်သည်ဟုၚင်းကဆိုသည်။ "ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို မထိခိုက်အောင်လုပ်နေတာပါ။ ပြည်တွင်းစားသုံးမှု သီး သန့်ချန်ထားဖို့လည်း ဝန်ကြီးဌာန

တွေကပြောတယ်” ဟု ဦးအောင်သန်းဦးကပြောသည်။

အာဆီယံအဖွဲ့အတွင်းဆန် အများဆုံးပြည်ပတင်ပို့နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်က ပြည်ပသို့ဆန်တင်ပို့ရာတွင် တင်ပို့မှု၏ ၅ ရာခိုင်နှုန်းကို ပြည်တွင်းစားနပ်ရိက္ခာအတွက်ချန်ထားရန် မူဝါဒတစ်ခုချမှတ်ထားသည်။ ထိုမူဝါဒက ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ထည့်သွင်းစဉ်းစားသင့်သော မူဝါဒတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ဦးမျိုးသူရအေးက ပြောသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများသည် မတ်လ ၁၄ ရက်တွင် နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၌ နှစ်စဉ် မိုးရာသီနှင့်နွေရာသီတွင် စိုက်ပျိုး ထုတ်လုပ်သည့် ဆန်တန်ချိန်ပမာဏ ၁၄ သန်းကျော်ရှိပြီး တစ်နှစ် ပြည်တွင်း စားသုံးမှုအတွက် ဆန် တန်ချိန်ရှစ်သန်းခွဲသာလိုအပ်သည်။ ကြာဆံကဲ့သို့ ကုန်ပစ္စည်း ထုတ်လုပ်မှုများအတွက် တန်ချိန် နှစ်သန်းခန့်လိုပြီး ပိုလျှံဆန်တန်ချိန် လေးသန်းခန့်ရှိနေသည်။ ယခုနှစ်ပြည်တွင်း ဆန်လက်ကျန်မှာ ဆန်ချော၊ ဆန်ကြမ်းနှစ်မျိုးပေါင်း တန်ချိန် လေးသန်းကျော်ကျန်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်း ဒုတိယဥက္ကဋ္ဌ ဦးနေလင်းက ဆို သည်။ ၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ဖေဖော်ဝါရီ ၁၄ ရက်အထိ မြန်မာနိုင်ငံမှ ပြည်ပ သို့ ဆန်တန်ချိန် ၁.၂ သိန်းကျော် တင်ပို့ထားပြီး ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၃၅၀ ကျော်ဝင်ငွေရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် စာ ရင်းများတွင် ဖော်ပြထားသည်။

**Source:** https://7day.news/detail?id=181567

## ဝဥမျိုးစေ့များကိုထိုင်းနှင့်တရုတ်နိုင်ငံတို့မှကွင်းဆင်းဝယ်ယူမှုများပြား

ကျောက်ထုမြို့နယ်နှင့် ချင်းတောင်များမှထွက်ရှိသော ဝဥမျိုးစေ့များကို ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံများမှ ကိုယ်စားလှယ်များက ကွင်းဆင်းစနစ်ဖြင့် တိုက်ရိုက်ဝယ်ယူလျက်ရှိကြောင်း ကျောက်ထုမြို့ ဝဥစိုက်ပျိုးရောင်းချသူ ဦးစိုင်းစိုင်းက ယနေ့ ပြောကြားသည်။ မြန်မာနိုင်ငံတွင် ဝဥ မျိုးစိတ် ၁၈ မျိုးရှိကြောင်း၊ အရောင်များအနေဖြင့် အဖြူ၊ အဝါ၊ ပန်းရောင်စသည့် အရောင်သုံးမျိုးရှိပြီး အဝါဥနှင့် ပန်းရောင်ဥများက အရည်သွေးကောင်းကာ ဈေးကောင်းရကြောင်း၊ ဝဥ အဖြူများကို စက်ရုံများမှ ဝယ်ယူလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဝဥ မျိုးစေ့ရောင်းချရာတွင် အသီးမျိုး၊ ဥမျိုးဟူ၍ နှစ်မျိုးရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် အသီးတစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၊ တစ်နှစ်ဥမျိုး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ နှစ်နှစ် ဥမျိုးတစ်ပိဿာလျှင် ၃၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ဝဥများပေါ်ချိန်တွင် ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံများမှ ကိုယ်စားလှယ်များက တိုက်ရိုက် ဝယ်ယူလျက်ရှိပြီး မန္တလေးစက်ရုံများကလည်း ချင်းတောင်ဘက်အထိဆင်းပြီးဝယ်ယူကြောင်း ကျောက်ထုမြို့ ဝဥ စိုက်ပျိုး ရောင်းချသူ ဦးစိုင်းစိုင်းကပြောသည်။

**Source:** https://www.moi.gov.mm/?q=node%2F35052&fbclid=IwAR2aoAAescFNvJ5hY42hbmvfkNR0IjlPFMWpDpz_nAdCzhsbxVOnh7W36Hk

## မြန်မာ့ကြက်သွန်နီပြည်ပနိုင်ငံများမှ ဝယ်ယူမှုနည်း

ပြည်တွင်းမှ မြန်မာ့ကြက်သွန်နီကို ဝယ်ယူနေတဲ့နိုင်ငံများမှာ နည်းပါးနေကြောင်း မြန်မာနိုင်ငံကြက်သွန်ဖြူ ကြက်သွန်နီနှင့်စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ ပြည်တွင်းမှာ ဝင်ရောက်မှုများနေပေမယ့်လည်း အခြားပြည်ပနိုင်ငံများမှာ မြန်မာ့ကြက်သွန်နီကိုဝယ်ယူမှုမှာ အခုတစ်ပတ်အတွင်းနည်းပါးနေကြောင်း မြန်မာနိုင်ငံကြက်သွန်နီ ၊ ကြက်သွန်ဖြူနှင့်စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှဥက္ကဋ္ဌ ဦးခင်ဟန်က ပြောပါတယ်။ ဒီရက်ပိုင်းအတွင်းမှာ သိပ်မဝယ်ကြဘူး။ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း သိပ်မဝယ်ကြသလို ၊ တရုတ်ဘက်ကလည်းမဝယ်ဘူး။ သူတို့အဝယ်ပေါ်မှာပဲ ပြည်တွင်းဈေးနှုန်းကလည်းမူတည်နေတာဆိုတော့ ဈေးကလည်းကျနေတယ် မြန်မာ့ကြက်သွန်နီကို နယ်စပ်လမ်းကြောင်းမှ တင်ပို့မှုမှာလည်းလည်း ယခုတစ်ပတ်အတွင်းနည်းပါးနေကြောင်း အဆိုပါ

အသင်းမှ သိရပါတယ်။

မြန်မာ့ကြက်သွန်ဈေးနှုန်းမှာ ကြက်သွန်နီအကြီးတစ်ပိဿာကို ၈၀၀ ကျပ်ဝန်းကျင်နဲ့ ကြက်သွန်နီအသေးတစ်ပိဿာကို ၆၅၀ ကျပ်ဝန်းကျင်သာရှိကြောင်းလည်း မြန်မာနိုင်ငံကြက်သွန်နီ ၊ ကြက်သွန်ဖြူ နှင့်စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/dropped_purchases_onion

## နဂါးမောက်သီးဈေးကွက် ခိုင်မာမှုရှိရန်လိုအပ်နေ



ပြည်တွင်းပြည်ပ၌ စားသုံးသူလိုလားမှုရှိနေသည့် နဂါးမောက်သီးအား ဈေးကွက်ခိုင်မာမှုရရှိရန် လိုအပ်ချက်များရှိနေ သေးကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများက ပြော သည်။ နဂါးမောက်သီးက ဈေးကွက်ရှိပေမယ့် ဒေသတော်တော်များများမှာ စုပုံထွက်လာတဲ့ ရာသီချိန်ဆိုရင် ဈေးနှုန်းမထိန်းချုပ်နိုင်တော့ပဲ တစ်လုံးကို ၅၀ ကျပ်၊ ၁၀၀ ကျပ်လောက်အထိကို ဈေးကျကုန်ပါတယ်။ အခုလိုမျိုးကြုံတွေ့နေရတာဟာ ပြည်တွင်းစားသုံးသူတွေက အသီးစားသုံးမှု အားနည်းနေသေးတာကြောင့်လည်းပါသလို၊ အသီးတွေ ပိုလျှံတဲ့ရာသီချိန်မှာ နဂါးမောက်ယိုထိုးထားတာတို့၊ အေးခဲထားတာတို့ ပြုလုပ်ထားနိုင်အောင် နည်းပညာပိုင်းသိရှိဖို့လည်း လိုအပ်နေပါတယ်ဟု စစ်ကိုင်းတိုင်း၊ ကသာမြို့ရှိ နွယ်သာကီနဂါးမောက်ခြံမှ စီမံအုပ်ချုပ်သူ ဒေါ်ကေခိုင်ထွန်းကပြောသည်။

ထွက်ရှိသည့် နဂါးမောက်သီးများကို ရန်ကုန်၊ မန္တလေး၊ ချင်းပြည်နယ်၊ ကလေး၊ တမူးနှင့် အိန္ဒိယနယ်စပ်၊ မြဝတီနယ်စပ်ဒေသများသို့ တင်ပို့ရောင်းချနေပြီး၊ ပိုလျှံသည့် နဂါးမောက်သီးများကိုမူ နဂါးမောက်ဝိုင် ပြုလုပ်ရောင်းချကြောင်းသိရသည်။ နဂါးမောက်သီးဈေးက တစ်ကီလိုကို (၈၀၀)ကျပ်မှ (၂၅၀၀)ကျပ်အထိ ဈေးနှုန်း အစားစားရှိပါတယ်။ ဈေးကွက်ကတော့ ခိုင်မာမှုရှိဖို့ လိုအပ်နေပါတယ်။ တစ်ဖက်နိုင်ငံကို ရောင်းချတဲ့အခါ တောင်သူတွေအနေနဲ့ ဘာသာစကား အခက်အခဲ တွေလည်း ကြုံတွေ့ရပါတယ်ဟု စစ်ကိုင်းတိုင်း၊ တမူးခရိုင်၊ ကျွန်းတောရေရှင်ကျေးရွာမှ နဂါးမောက်စိုက်ပျိုးသူ ဦးသန်းမြင့်က ပြောသည်။ နဂါးမောက်သီးကို ပြင်ဦးလွင်၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မိတ္ထီလာ၊ တောင်ကြီး၊ အောင်ပန်း၊ ဟဲဟိုး၊ ကသာစသည့် ဒေသများ၌ စိုက်ပျိုးနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/need_to_sustain_of_dragon_fruit_market

## ထောပတ်ပဲများ မန္တလေးဈေးကွက်သို့ဝင်ရောက်

ယခုရာသီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ နွားထိုးကြီးမြို့နယ်များနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ စလင်းနှင့် ပွင့်ဖြူစသည့်ဒေသမျိုးစုံမှ အပြိုင်ထွက်ရှိလာသည့်ထောပတ်ပဲများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှသိရသည်။ အဆိုပါပဲများမှာ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ဇန်နဝါရီလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ထောပတ်ပဲ (အကြီး)မှာ ငွေကျပ် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ(အသေး)မှာ ငွေကျပ် ခြောက်သောင်းနှုန်းဖြင့်လည်းကောင်း အဖွင့်ဈေးစခဲ့ပြီး ယခုလှိုင်လှိုင်ပေါ်ချိန်တွင် ထောပတ်ပဲ(အကြီး)မှာ ငွေကျပ်ရှစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ(အသေး)မှာ ငါးသောင်းရှစ်ထောင်နှုန်းဖြင့်လည်းကောင်း၊ တရုတ်ဝယ်လက်များက ဈေးပေးဝယ်ယူလျက်ရှိသည်။ “ထောပတ်ပဲက ပြည်တွင်းမှာစားသုံးသလို ပြည်ပပို့ကုန်အဖြစ်လည်း အထွက်နှုန်းရဲ့ ၈၀ ရာခိုင်နှုန်းကို တင်ပို့ရောင်းချနေရတယ်။ ထောပတ်ပဲ(အကြီး)ကို ဂျပန်နိုင်ငံကနှစ်စဉ် ဝယ်ယူလေ့ရှိပြီး တရုတ်နိုင်ငံကတော့ အကြီးရော၊ အသေး ရော ပုံမှန်ဝယ်ယူနေကြတယ်။ လက်ရှိဈေးကွက်မှာလည်း တရုတ်ဝယ်လက်တွေနဲ့

ရန်ကုန်ဝယ်လက်တွေ အပြိုင်ဝယ် ယူနေကြတယ်”ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့် ပွဲရုံ) ကပြောသည်။

ယခုကာလ၌ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ပဲဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်များ အေးစက်နေသော်လည်း ထောပတ်ပဲမှာမူ တရုတ်ငွေကြေး အနည်းငယ်မြင့်တက်လာမှုကြောင့် လက်ရှိ အချိန်တွင် ဝယ်လိုအားပိုမိုကောင်းမွန်ကာ ဈေးနှုန်းမှာလည်း ထင်သလောက်ကျဆင်းမှုမရှိကြောင်း ၎င်းကဆက်လက်ပြော သည်။ ထောပတ်ပဲကို မန္တလေး၊ မကွေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးကြပြီး နိုင်ငံတော်မှ ပြည်ပပို့ကုန်အဖြစ် အထွက်နှုန်းတိုးစေရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နွားထိုးကြီးနှင့် မလှိုင်မြို့နယ်များတွင် စံပြစိုက်ခင်းများဖြင့် စိုက်ပျိုးထားရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## လတ်တလောဖြစ်ပွားနေသည့် Novel Coronavirus ကြောင့် ဂျပန်နိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်နိုင်မှုအခြေအနေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူဘေးပြည်နယ်၊ ဝူဟန်မြို့မှ စတင် ဖြစ်ပွားခဲ့သည့် Novel Coronavirus ကြောင့် ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ဒေသအတွင်း စားသုံးသူ၊ ကမ္ဘာလှည့် ခရီးသွားနှင့် စက်မှုလုပ်ငန်းများ ထိခိုက်စေခဲ့ပါသည်။ ထို့အပြင် စီးပွားရေး ပညာရှင်များက Novel Coronavirus ကြောင့် ရေရှည်တွင် ကမ္ဘာ့စီးပွားရေးကိုလည်း ထိခိုက်လာနိုင်ကြောင်း သုံးသပ်ကြပါသည်။

ဂျပန်နိုင်ငံ၊ ဒိုင်ဝါသုတေသနအဖွဲ့မှ ကော်ရိုနာဗိုင်းရပ်၏ဂယက်ကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သယ်ယူ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းကို ကြီးမားသည့်ထိခိုက်မှုများဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၂၀ ပြည့်နှစ်၊ ပထမ သုံးလပါတ်ကာလအတွင်း တရုတ်နိုင်ငံ၏ GDP ကိုလည်း ၅ ရာခိုင်နှုန်းခန့် ကျဆင်းစေမည်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

ထို့အပြင် ကော်ရိုနာဗိုင်းရပ်၏ ဂယက်ကြောင့် ဂျပန်နိုင်ငံတွင်လည်း GDP ကို ၀.၀၉ ရာခိုင်နှုန်းမှ ၀.၂ ရာခိုင်နှုန်းခန့်အထိ နှေးကွေးကျဆင်းစေမည်ဖြစ်ကြောင်း ၊ ဗိုင်းရပ်သည် တစ်နှစ်ခန့် ဆက်လက်ဖြစ်ပွားမည်ဆိုပါက ဂျပန်နိုင်ငံ၏ GDP ကို ၀.၉ ရာခိုင်နှုန်းအထိ ထိခိုက်လာစေနိုင်ကြောင်း ဒိုင်ဝါသုတေသနမှ ခန့်မှန်းထားကြပါသည်။

သို့ဖြစ်ရာ ဂျပန်နိုင်ငံအစိုးရအနေဖြင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများနှင့်ခရီးသွားလုပ်ငန်း မယိမ်းယိုင် စေရေးနှင့် ဂျပန်နိုင်ငံ၏ စီးပွားရေးကိုမထိခိုက်စေရန် အစိုးရ၏ သီးခြားရန်ပုံငွေအပါအဝင် ငွေကြေးပံ့ပိုးမှုအစီအမံများကို ချမှတ် ဆောင်ရွက်သွားရန်ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် နိုင်ငံအတော် များများတွင်လည်း Monetary Policy ဖြေလျော့မှုများအပြင်၊ ဘဏ္ဍာရေးဈေးကွက်အတွင်းသို့ ငွေကြေးပံ့ပိုးမှုအစီအမံများ ချမှတ်ဆောင်ရွက်လာလျက်ရှိကြပါသည်။ သို့ရာတွင် ဂျပန်နိုင်ငံ၊ ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့ စီးပွားရေးမယိုင်လဲစေရန်ထောက်ပံ့မှုပြုလုပ်ပေးခြင်းသည် ယာယီအစီအမံ သာ ဖြစ်နိုင်ပြီး၊ ကန့်သတ်ချက်များရှိကြောင်း သတိထောက်ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးသည် ကမ္ဘာတွင် အမေရိကန်ပြည်ထောင်စုအပြီး ဒုတိယအကြီးဆုံးဖြစ်လာခဲ့ပြီး၊ လက်ရှိ GDP သည်လည်း အမေရိကန်ဒေါ်လာ ၁၃.၆ ထရီလီယံရှိနေပါသည်။ သို့ရာတွင် ကော်ရိုနာဗိုင်းရပ်၏ဂယက်ကြောင့် တရုတ်နိုင်ငံရှိ စက်ရုံအလုပ်ရုံများ ပိတ်သိမ်းထားကြပြီး၊ ပြည်သူလူထုများ၏ သွားလာမှုကိုလည်း ကန့်သတ်သည့်အစီအမံများ ချမှတ် ဆောင်ရွက်လာလျက်ရှိပါသည်။ အထူးသဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းငယ်များအနေဖြင့် ကာလတိုအတွင်း လုပ်ငန်းများလည်ပတ်ဆောင်ရွက်ကြသည်ဖြစ်ရာ၊ ယခုကဲ့သို့ ကာလရှည်လုပ်ငန်းများ ရပ်ဆိုင်းရမည်ဆိုပါက ထိခိုက်မှု များပြားလာမည်ဖြစ်ပါသည်။

တရုတ်စီးပွားရေးကျွမ်းကျင်သူများမှ ကော်ရိုနာဗိုင်းရပ်၏ဂယက်ကြောင့် တရုတ်နိုင်ငံ၏ GDP သည် ၂၀၂၀ ပြည့်နှစ်၊ ပထမသုံးလပါတ်ကာလအတွင်း ၅ ရာခိုင်နှုန်းသာရှိတော့မည်ဟု ခန့်မှန်းထားကြပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းတွင်လည်း လေကြောင်းလိုင်းများ၏ ခရီးစဉ်များဖျက်သိမ်းခဲ့ခြင်းကြောင့် တရုတ်နှစ်သစ်ကူးကာလတွင် ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက ကမ္ဘာလှည့်ခရီးသည် ၅၅ ရာခိုင်နှုန်းအထိကျဆင်းစေခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကမ္ဘာလှည့် ခရီးသည် ၁၇၃ သန်းရှိခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၀.၅ ထရီယံနီးပါး သုံးစွဲခဲ့ကြရာ ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးကို သိသာစွာ

ထိခိုက်လာစေမည် ဖြစ်ပါသည်။

အလားတူပင် နိုင်ငံတကာကုမ္ပဏီကြီးများအတွက် စက်ပစ္စည်းအစိတ်အပိုင်းပံ့ပိုးပေးသည့် စက်ရုံအများစုမှာ တရုတ်ပြည်သူ့သမ္မနိုင်ငံတွင် အခြေစိုက်ကြရာ၊ ကော်ရိုနာဗိုင်းရပ်၏ဂယက်ကြောင့် စက်ရုံအလုပ်ရုံများပိတ်သိမ်းရသဖြင့် စက်ပစ္စည်းလိုအပ်မှု ပိုမိုများပြားလာမည်ဖြစ်ပါသည်။ အထူးသဖြင့် ဝူဟန်ဒေသရှိ စက်ရုံများ၏ ၅ဝ ရာခိုင်နှုန်းသည် မော်တော်ယာဉ် အစိတ်အပိုင်းများထုတ်လုပ်ကြပြီး ၊ Apple ကုမ္ပဏီကြီး၏ Suppliers ၈ဝဝ အနက် ၂၉ဝ သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ရှိကြပါသည်။

ထို့ကြောင့် ကော်ရိုနာဗိုင်းရပ်၏ဂယက် ကာလကြာရှည်လာမည်ဆိုပါက ကမ္ဘာ့စီးပွားရေးကိုထိခိုက်လာမည်ဟု ခန့်မှန်းထားကြပါသည်။ အထူးသဖြင့် ဗိုင်းရပ်ပြန့်ပွားမှု ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးကို ထိခိုက်လာစေမည်ဖြစ်ပြီး၊ ကမ္ဘာ့စီးပွားရေးကိုလည်း ခန့်မှန်းရန်ခက်ခဲလာစေနိုင်မည်ဖြစ်ပါကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းကြပါသည်။

Source : ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သံရုံး၊ တိုကျိုမြို့

MYANTRADE-TIR

## ကျဆင်းလျက်ရှိသည့်အမေရိကန်စီးပွားရေး ပြန်လည်ထူထောင်လာစေရန် နိုးကြားရေးအစီအစဉ်များဆောင်ရွက်

ယခုအချိန်အခါတွင် ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့နိုင်ငံအများစုသို့ ပြန့်နှံ့လျက်ရှိရာ အမေရိကန်နိုင်ငံတွင် ပြည်နယ်များအားလုံးသို့ ကူးစက်ပြန့်နှံ့နေပြီဖြစ်ပါသည်။ ၂ဝ၂ဝ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က ၁၁.၃.၂ဝ၂ဝ ရက်နေ့တွင် ကိုရိုနာဗိုင်းရပ်စ်ပြန့်နှံ့မှုသည် ကပ်ရောဂါအဆင့် (Pandemic Level) ရောက်ရှိသွားပြီဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ပြန့်နှံ့မှုကြောင့် ခရီးသွားလာမှုကန့်သတ်မှုများ အရေးယူဆောင်ရွက်ခဲ့ရသည့်အတွက် အမေရိကန်လေကြောင်းလိုင်းများ ခရီးစဉ်များစွာရပ်နားခဲ့ရသကဲ့သို့ စာသင်ကျောင်းများ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဘားများ၊ ရုပ်ရှင်ရုံများ၊ ကုန်တိုက်များပိတ်ရသည့်အနေအထားသို့ ရောက်ရှိလျက်ရှိပါသည်။ အကျိုးဆက်အနေဖြင့် အလုပ်လက်မဲ့နှုန်းများ မြင့်တက်လာပါသည်။

သို့ဖြစ်၍ ၁၇.၃.၂ဝ၂ဝ ရက်နေ့က သမ္မတအိမ်တော်၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတ ထရမ့်အစိုးရက နစ်ပတ်အတွင်းစီးပွားရေးထိခိုက်နေသည့် အမေရိကန်ပြည်သူများထံသို့ ငွေကြေးများ (ဒေါ်လာ တစ်ထောင် (သို့) ဒေါ်လာ တစ်ထောင်ကျော်) အမြန်ဆုံးလက်ထဲထည့်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာခဲ့ပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်ကျဆင်းလာသည့်စီးပွားရေးကို ပြန်လည်ထူထောင်လာစေရန်အတွက် အမေရိကန် ဒေါ်လာ ၈၅ဝ ဘီလီယံကို လွှတ်တော်ကအတည်ပြုပေးရန် သမ္မတထရမ့်အစိုးရက ကြိုးစားနေကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။ အမေရိကန်လူမျိုးများအား ငွေသားများတိုက်ရိုက်ပေးသွားမည့် အစီအစဉ်ကို လွှတ်တော်မှစတင်အကြံပြုခဲ့ခြင်းဖြစ်ပြီး ယင်းသည် မကြာမီဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရေး အတွက် သမ္မတအိမ်တော်မှကြိုးပမ်းနေသည့် အမေရိကန် ဒေါ်လာ ၈၅ဝ ဘီလီယံ စီးပွားရေးနိုးကြားရေးအစီအစဉ် (Stimulus Plan)၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ယင်းအစီအစဉ်သည် သမ္မတထရမ့်အစိုးရ၏ အကြီးမားဆုံး အရေးပေါ်ငွေကြေးထောက်ပံ့မှုအစီအစဉ်များမှ တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။ သမ္မတအိမ်တော်အနေဖြင့် တိုက်ရိုက်ငွေသားထုတ်ချေးပေးမှုအပြင် စီးပွားရေးလုပ်ငန်းများ၊ လေကြောင်းလိုင်းများအတွက် အကူအညီနှင့် အခြားသော စီမံဆောင်ရွက်မှုများကို အထောက်အကူပေးနိုင်သည့် ဥပဒေပြုရေးဖြစ်လိုကြောင်းဆိုပါသည်။

စီးပွားရေးနိုးကြားရေးအစီအစဉ်မှ အသေးစားစီးပွားရေးလုပ်ငန်းများအတွက်ချေးငွေ အမေရိကန် ဒေါ်လာ ၂၅ဝ ဘီလီယံ၊ လေကြောင်းလိုင်းအာမခံအတွက် အမေရိကန်ဒေါ်လာ ၅ဝ ဘီလီယံနှင့် အောက်လွှတ်တော်မှ အတည်ပြု ပေးထားသည့်အမေရိကန်ဒေါ်လာ ၁ဝဝ ဘီလီယံတို့အား သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ဒေါ်လာ ၁ဝဝ ဘီလီယံကို လစာနှင့် နာမကျန်းခွင့်၊ အလုပ်လက်မဲ့အာမခံနှင့်ဗိုင်းရပ်စ်ပြန့်နှံ့မှုကြောင့် ထိခိုက်ခဲ့သည့်အလုပ်သမားများအတွက် အကျိုးခံစားခွင့်များအတွက် သုံးစွဲ

သွားမည်ဖြစ်ပါသည်။

ထို့နောက် ဗိုင်းရပ်စ်ပြန့်နှံ့မှု ပိုမိုဆိုးဝါးလာနေသည့်အတွက် တတိယအကြိမ် နိုးကြားရေးအစီအစဉ်အဖြစ် စီးပွားရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁ ထရီလီယံကျော်ထုတ်ချေးပေးရန် ကြိုးစားပြင်ဆင်လျက်ရှိကြောင်း ဘဏ္ဍာရေး ဝန်ကြီး စတီဗင်အမ်နူချင်က သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

စီးပွားရေးတည်ငြိမ်လာစေရန် သမ္မတအိမ်တော်မှအခွန်ထမ်းများကို နောက်လတွင် ၎င်းတို့ပေးဆောင်ရမည့် အခွန်ငွေများကို နောက်ထပ်ရက်ပေါင်း ၉၀ အကြာထိပေးဆောင်ရန် နောက်ဆုတ်ပေးခဲ့သလို ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့မှကုမ္ပဏီများကို လွယ်လင့်တကူငွေချေးပေးနိုင်ရန် ဆောင်ရွက်နေကြောင်းသိရပါသည်။ သမ္မတထရမ့် အဆိုပြု ခဲ့သည့် ဝင်ငွေခွန်လျှော့ချမည့်အစီအစဉ် အကောင်အထည်ဖော်နိုင်ရန် လပေါင်းများစွာ ကြာနိုင်သည့်အတွက် လျှင်လျှင်မြန်မြန် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရမ့်ကပြောကြားခဲ့ပါသည်။

ဗဟိုဘဏ်နှင့်သမ္မတအိမ်တော်တို့မှ ဗိုင်းရပ်စ်ကြောင့် စီးပွားရေးကျဆင်းနေခြင်းကို ပြန်လည်ကုစားရန် နိုးကြားရေး အစီစဉ်ကို ကြေညာလိုက်ပြီးနောက် အလွန်အမင်းကျဆင်းနေသည့် အမေရိကန်၏စတော့ရှယ်ယာ ဈေးများလည်း ပြန်လည် မြင့်တက်လာခဲ့ ပါသည်။ မတ်လ ၁၇ ရက်၊ နေ့လယ်ပိုင်းတွင် **S&P 500** က ၆ ရာခိုင်နှုန်း၊ **Nasdaq Composite** က ၆.၂ ရာခိုင်နှုန်း နှင့် **Dow Jones Industrial Average** က ၅.၂ ရာခိုင်နှုန်းအသီးသီး ပြန်လည်မြင့်တက်လာခဲ့ပါသည်။

**Source:** https://www.washingtonpost.com/business/2020/03/17/checks-virus/

https://www.washingtonpost.com/us-policy/2020/03/17/trump-coronavirus-stimulus-package/

https://www.wsj.com/articles/u-s-futures-rise-as-asia-markets-gyrate-11584413763

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ အမေရိကန်**

## ပြီးခဲ့သည့်နှစ် တရုတ်နိုင်ငံမှတင်သွင်းသော သစ်သီးတန်ချိန် ၆.၈၃ သန်းရှိကာ တန်ဖိုးယွမ်ငွေ ၆၈.၈ ဘီလီယံရရှိခဲ့ ဗီယက်နမ်ငှက်ပျော တရုတ်နိုင်ငံတင်ပို့မှု ၁၀၅% မြင့်တက်လာ

တရုတ်နိုင်ငံ ဒေသထွက်စားသောက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်သွင်းပို့ ကုန်သည်ကြီးများအသင်း (CFNA) မှ ၂၄ ရက်နေ့ က ထုတ်ပြန်သော နောက်ဆုံးရဒေတာဖော်ပြချက်အရ ၂၀၁၉ ခုနှစ် တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုတန်ချိန် (၆.၈၃) သန်းရှိကာ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉.၅ ဘီလီယံ(ယွမ်ငွေ ၆၈.၈ ဘီလီယံခန့်) ဖြစ်ပြီး ကာလတူနှင့်နှိုင်းယှဉ်လျှင် ၂၄% နှင့် ၂၅% အသီးသီးတိုးမြင့်ခဲ့ပါသည်။ ၎င်းအနက် တရုတ်နိုင်ငံသို့တင်ပို့သည့် သစ်သီး စုစုပေါင်းပမာဏအများဆုံးနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ချီလီနှင့်ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ဟင်းသီးဟင်းရွက်ထုတ်ကုန်တင်ပို့မှု စုစုပေါင်း ပမာဏ ၁၃.၂% ကျဆင်းခဲ့သော်လည်း တရုတ်ပြည်တွင်းငှက်ပျောသီးစိုက်ပျိုးမှု ဧရိယာ အကန့်အသတ်ရှိခြင်းကြောင့် တရုတ်နိုင်ငံသည် ကာလတူအတွင်း အရှေ့တောင်အာရှနိုင်ငံမှ ငှက်ပျောသီးတင်သွင်းမှု ပမာဏဆက်လက်တိုးမြင့်ခဲ့ပြီး ဗီယက်နမ်နိုင်ငံသည်လည်း ထိုအကြောင်းအရင်းကြောင့် အကျိုးအမြတ်ခံစားခွင့်ရသောနိုင်ငံ ဖြစ်ခဲ့ပါသည်။

ကိန်းဂဏန်းဖော်ပြချက်အရ ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံသည် စုစုပေါင်းငှက်ပျောသီးတန်ချိန် ၁.၉၄ သန်းတင် သွင်းခဲ့ပြီး ကာလတူထက် ၂၆% တိုးမြင့်ခဲ့ပါသည်။ ၎င်းအနက် ဗီယက်နမ်နိုင်ငံသည် ၂.၇၈သိန်း တန် တင်သွင်းခဲ့ပြီး ကာလတူထက် ၁၀၅% တိုးမြင့်ခဲ့ကာ တရုတ်နိုင်ငံ ငှက်ပျောသီးအဓိကထောက်ပံ့ပေးသော ဖိလစ်ပိုင်နိုင်ငံ၏ ကာလတူနှင့်နှိုင်းယှဉ်ပါက ၂% သာ တိုးမြင့်ခဲ့ကြောင်းသိရသည်။

**Source:** www.cfvin.com , https://www.facebook.com/shweliayarnews/

# STOCK EXCHANGE (17.3.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 17th Mar. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 2,142 | 23,562,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 5,455 | 20,729,000 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,500 | 22,500 | 22,000 | 1,189 | 26,183,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | -150 | -5.26% | 2,800 | 2,800 | 2,700 | 4,606 | 12,886,800 | 12,823,224 | 34,623 |


## Market summary

As of 17th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 453.12 | -1.41 | -0.31% | 454.96 | 454.96 | 453.12 | 13,392 | 83,360,800 | 5 | 620,467 |

### Index chart




# Market Overview

As of 1:00 pm, 17th Mar. 2020

| MYANPIX | 453.12 ▼ 1.41 |
|---|---|
| Total Volume (shares) | 13,392 |
| Total Value (MMK) | 83 mil |
| Listed Company | 5 |
| Market Cap. (MMK) | 620,467 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 150 |